## “ အနာဂတ်အတွက် စည်းမျဉ်းများရေးဆွဲကြရာတွင် စာတွေ့အသိပညာမှလွဲ၍ ဘာမျှမရှိသော လူများအပေါ် ယုံကြည်အပ်နှံထားကြခြင်းကိုအလွန်အံ့သြမိသည်”

ဤမိုက်မဲမှုအတွက် အကြောင်းပြစရာအများအပြားတော့ရှိပါသည်။ စစ်ပွဲကာလတွင် ကိုယ်တိုင်အမှန်တကယ် တိုက်ပွဲဝင်ခဲ့ကြသော လူများသည် သေဆုံးကုန်ကြသည်များပါသည်။ လူသေများအဖို့ အကြံဉာဏ်ပေးစရာမရှိတော့ပါ။ တိုက်ပွဲ၏ကြမ်းတမ်းရက်စက်မှုများမှ ရှင်သန်လွတ်မြောက်ခဲ့ကြသော စစ်မှုထမ်းဟောင်းများကလည်း သဘာဝအားဖြင့် စာပေဝါသနာအိုးများသော်လည်းကောင်း၊ ပညာရှင်များသော်လည်းကောင်းမဟုတ်ကြပါ။ ထို့ကြောင့် သင်တန်းကျောင်းများက အသိပညာကြွယ်ဝသူများဖြင့် ပြည့်နှက်နေသော အထက်ဌာနချုပ်များသည် ထိုလူများကိုဂရုမစိုက်ကြပါ။ အတွေ့အကြုံများခဲ့ကြသော စစ်မှုထမ်းဟောင်းများအား ငြိမ်းချမ်းသောကာလတွင်ကျေးဇူးတင်လေ့မရှိကြပါ။ သူတို့ကို ရန်လိုသူများ၊ ဒုက္ခပေးသူများနှင့် လူမှုရေးရာညက်ညောမှုမရှိသူများဟု အထက်ဌာနချုပ်များက မှတ်ယူကြသည်။ ဤနည်းဖြင့်သူတို့သည် အထက်တန်းရာထူးကြီးများအတွက် နိုင်ငံရေးအရည်အချင်းမရှိဟု ထင်မြင်ခြင်းခံကြရသည်။ ဤသို့ဖြစ်ရသည့် အကြောင်းအရင်းများအနက် တစ်ခုသည် အထက်ဌာန၏ လုပ်ငန်းများကို စီမံအုပ်ချုပ်နေသူများသည် မိမိ ကိုယ်မိမိတိုးတက်ရေးအတွက် လုပ်ဆောင်နေကြသော နိုင်ငံရေးသမားများနှင့် အရပ်သားများဖြစ်နေသောကြောင့် ဖြစ် သည်။ ဤနိုင်ငံရေးစားဖားများသည် စစ်ဘက်အသိုက်အဝန်းအတွက် မည်မျှပင်ထိခိုက်ပျက်စီးစေကာမူ ခိုင်းသမျှ လိုက်လုပ်သောစစ်သားများကိုသာအလိုရှိကြပါသည်။ စစ်ဘက်ကို ကိုင်တွယ်သော နိုင်ငံရေးသမားများသည် နိုင်ငံရေး အရတင်ရှိသောအကြွေးများကိုသာပေးဆပ်ရန်စိတ်ဝင်စားကြသည်။ နိုင်ငံကို ကာကွယ်မည့် တပ်ဖွဲ့များကို ထိန်းသိမ်း စောင့်ရှောက်ရမည့် အလုပ်ကို စိတ်မဝင်စားကြပါ။

***စာရေးသူ၏အကြံပြုချက်။*** စီးပွားရေးလောကတွင် ယင်းကဲ့သို့ စိတ်နေသဘောထားရှိသော အုပ်စုသည် အရည်အချင်းနှင့် စွမ်းရည်ရှိသောလူများ၏ တိုးတက်မှုကို ဟန့်တားကြသည်။ ဆင်ခြေများစွာ ပြောကြသော်လည်း အနည်းငယ်ကသာ အားကိုးအားထားပြုနိုင်ပါသည်။ အတွင်းရေးမှူးလုပ်သူများသည် အထက် အရာရှိအသစ်များကို သူတို့အလုပ်အတွက် အမှန်တကယ်သင်ကြားပေးခဲ့ကြရသော်လည်း သူတို့ကိုယ်တိုင် ဘာကြောင့် ထိုရာထူးကြီးများ သို့မတက်နိုင်ကြသလဲ။စီမံခန့်ခွဲမှုရာထူးနေရာ ရောက်ရှိနေသူများကလက်အောက်ငယ်သားများအတွက်တင်းကျပ်သော အရည်အချင်းကန့်သတ်ချက်များကို ပြုလုပ်ထားခဲ့ကြသောကြောင့် ထိုသူများသည်ထိုအလုပ်အတွက် မည်သည့်အခါ တွင်မျှ အရည်အချင်းမမှီနိုင်တော့ပါ။ ဤကဲ့သို့သော နည်းဗျူဟာများသည် စီမံခန့်ခွဲသူများအတွက် ဖော်လံဖားသမား များ သို့မဟုတ် ကိုယ်ပိုင်ပုံစံမရှိသောလူများကိုသာ ခန့်ထားနိုင်သော ရည်ရွယ်ချက်မှလွဲ၍ အခြားမရှိပါ။

**“လူ့ဘဝတွင်တစ်စုံတစ်ရာအတွက်တိုက်ခိုက်ရခြင်းကအဓိပ္ပါယ်မရှိသော သေဆုံးခြင်းထက်သာသည်”**

စာရင်းဇယားတစ်ခုတွင်လူသုံးယောက်ရှိလျှင် တစ်နေ့တွင်ထိုသုံးယောက်စလုံးသေကြရမည်မှာသေချာပါသည်။ ဤကမ္ဘာမြေပေါ်တွင် အသက်နှစ်နှစ်ရာပြည့်သောလူမရှိပါ၊ တစ်ရာပြည့်သောလူအနည်းငယ်သာရှိပါသည်။ ထို့ကြောင့်ပင် အသက်ခြောက်ဆယ်ကျော်ပြီးပါက မှတ်သားလောက်သော အလုပ်ကိုလုပ်ကြသည့်အရေအတွက် အလွန်နည်းပါသည်။ မိမိတို့သက်တမ်းအတွင်း ရည်ရွယ်ချက်တစ်ခုခုဖြင့် ဘာ့ကြောင့် မရှင်နိုင်ရမှာလဲ။ တရားမျှတ၍ ဂုဏ်သိက္ခာရှိသော အကြောင်း တရားတစ်ခုကြောင့် အသက်ငယ်ရွယ်စဉ်တွင် သေဆုံးရခြင်းသည် အသက်ကြီးပြီး နောက် အိပ်ရာပေါ်တွင် ညှိုးနွမ်းခြောက်သွေ့စွာ သေဆုံးရခြင်းထက်သာပါသည်။

***စာရေးသူ၏အကြံပြုချက်။*** စီးပွားရေးလောကတွင်ယှဉ်ပြိုင်မှုများအကြား၌ လူ့အသက်ဆုံးရှုံးသွားရန်အကြောင်း မရှိသော်လည်းတစ်ခါတစ်ရံတွင်ရာထူးလျှော့ချခံရခြင်း သို့မဟုတ် ထုတ်ပယ်ခံရခြင်းတို့ဖြစ်နိုင်ပါသည်။ ယခု ထောက်ပြ ထားသည့် အချက်မှာ မိမိ၏စိတ်ထဲတွင်ရှိသည့်အတိုင်း ထုတ်ဖော်ပြောကြားခြင်းကြောင့် အပြစ်ပေးခံရခြင်း သို့မဟုတ် ထုတ်ပစ်ခံရခြင်းဖြစ်ခဲ့လျှင်ပင် မိမိလုပ်ဆောင်ချက်သည်ကောင်းမွန်နိုင်သေးသည်ဟုဆိုလိုပါသည်။ အရည်အသွေးပြည့်မီ သော ကုန်ပစ္စည်းများထုတ်လုပ်ရန် အကြံဉာဏ်များကို စီမံခန့်ခွဲမှုအပိုင်းသို့ ပျက်ကွက်မှုမရှိဘဲ အသိပေးခြင်းဖြင့် ဝန်ထမ်းများအနေဖြင့် အကောင်းဆုံးလုပ်ဆောင်ချက်အကြောင်းတရားကိုဖော်ပြနိုင်ပါသည်။ အလုပ်ဌာနတစ်ခုမှအသက် ကြီး၍ သို့မဟုတ် မလိုအပ်တော့၍အငြိမ်းစားယူခြင်း သို့မဟုတ် နုတ်ထွက်ခြင်းပြုလုပ်သည့်အခါမှ သက်ဆိုင်ရာ အရာရှိ အား ကုမ္ပဏီတွင်ဘာတွေဖြစ်နေသည်၊ ဘာလုပ်သင့်သည်ဟု ပြောပြရန်စောင့်ဆိုင်းနေသင့်ပါသလား။ ဝန်ထမ်းက စီမံခန့်ခွဲမှုအပိုင်းသို့ သတင်းပို့တင်ပြရမည်မှာ ဝန်ထမ်း၏တာဝန်ဖြစ်ပြီး စီမံခန့်ခွဲမှုအပိုင်းက ဝန်ထမ်း၏ သတင်းပို့ချက် နှင့် အကြံပြုချက်များကိုအရေးယူဆောင်ရွက်ရမည်မှာ စီမံခန့်ခွဲမှုအပိုင်း၏ တာဝန်ဖြစ်သည်။ ထို့ကြောင့်ဝန်ထမ်းတစ်ဦး သည် ပြောစရာရှိသည်ကို ပြောပြရန်မကြောက်သင့်ပါ။ အထက်အရာရှိများကို မိမိ၏ခံစားချက်များ သိရှိစေရမည် ဖြစ်ပါသည်။ **ဒမ္မင်း၏ အမှတ်(၈)အချက်** ကို ရည်ညွှန်းပါသည်။

## ၃

## “လူတစ်ယောက်၏ ဆုံးဖြတ်ချက်သည် လူထောင်ပေါင်းများစွာအပေါ် သက်ရောက်မှု ရှိစေသည်မှာ တကယ့်ကို မယုံကြည်နိုင်စရာဖြစ်ပါသည်”

ခေါင်းဆောင်တစ်ယောက်သည် ဆုံးဖြတ်ချက်တစ်ရပ်ကို အလွယ်တကူချမှတ်လိုက်ရုံဖြင့် သူ၏ရဲဘော်များအား ရဲစွမ်းသတ္တိ၊ ယုံကြည်မှု၊ စွမ်းရည်ရှိမှုနှင့် ထက်မြက်မှုတို့၏ ပုံရိပ်ကိုပေါ်ပေါက်စေပါသည်။ အခြားလူတို့က ဆုံးဖြတ်ချက်ချနိုင်သော ယုံကြည်မှုရှိသည့်လူတို့နှင့်အပေါင်းအသင်းဖွဲ့လိုကြပါသည်။ အောင်နိုင်သူများနှင့် အပေါင်းအသင်းဖွဲ့လိုခြင်းဖြစ်သည်။ အကယ်၍မိမိသည်အဖွဲ့အစည်းကို ဘယ်တော့မျှမစွန့်ခွာကြောင်း ဆုံးဖြတ်ချက်နှင့်ဆုံးရှုံးခြင်းသဘောထားကို ဘယ်တော့မျှခေါင်းထဲထည့်မစဉ်းစားကြောင်း ပေါ်လွင်ထင်ရှားစွာပြသနိုင်လျှင် လူများကမိမိနောက်မှ လိုက်ပါလာကြမည်ဖြစ်သည်။ ဆုံးဖြတ်ချက်ပြတ်သားစွာ ချမှတ်ထားပြီးကြောင်းဖော်ပြနိုင်ခြင်းဖြင့်မိမိနောက်မှလိုက်ပါ လာသောလူများကို အောင်နိုင်သူများကဲ့သို့ခံစားမိစေပြီး ထိုသို့ခံစားသည့်အတိုင်း လုပ်ဆောင်လာစေနိုင်သည်။ သံကြိုးတစ်ချောင်း၏ ကွင်းဆက်များကဲ့သို့ဖြစ်ပါသည်။ မိမိက အောင်နိုင်ရမည်ဟု ဆုံးဖြတ်ပြီးလျှင် အောင်နိုင်သူတစ်ယောက် ကဲ့သို့စဉ်းစားလိမ့်မည်၊ ထိုအခါအောင်နိုင်သူကဲ့သို့ လုပ်ဆောင်ပါလိမ့်မည်၊ စကားပြောရာတွင်လည်း အောင်နိုင်သူကဲ့သို့ပြောပါမည်၊ အောင်နိုင်သူနှင့် အားလုံးတူညီသွားပြီးနောက် အောင်နိုင်သူအစစ်အမှန်လည်းဖြစ်လာပါမည်။

## " အောင်မြင်မှုကိုအာမခံနိုင်သည်မှာ လူတစ်ယောက်၏စိတ်ဓါတ်သာဖြစ်သည်၊ သူကိုင်စွဲသော လက်နက်မဟုတ်ပါ"

သတင်းများရရှိထားသူများ၊ ဗဟုသုတနည်းသူများနှင့်ပညာဉာဏ်မပြည့်ဝသူတို့ကသာလက်နက်အသစ်အဆန်းသို့မဟုတ် အံ့ဖွယ်လက်နက်များကိုအသုံးပြု၍ တိုက်ပွဲများနှင့်စစ်ပွဲများကိုအမြဲတမ်းအောင်မြင်နိုင်သည်ဟု ယုံကြည်ကြသည်။ ဒိုင်းနမိုက်၊ စက်သေနတ်၊ ယမ်းမှုန့်၊ လေးနှင့်မြှားတို့မှစတင်၍ တစ်လောကလုံး သောသောညံနေသည့် အနုမြူဗုံးလက်နက်အထိတိုးတက်ဖြစ်ပေါ်မှုများတွင် အထက်ပါစဉ်းစားတွေးခေါ်မှုများ ရှိခဲ့ကြပါသည်။ အနာဂတ်ခေါင်းဆောင်များသည် အနုမြူဗုံးကဲ့သို့ ဆန်းပြားသည့် လက်နက်မျိုးကြောင့် နောက်ထပ်စစ်ပွဲတိုက်စရာ မလိုတော့ဘူးဟု မှားယွင်းသောလုံခြုံရေးအသိအမြင် ဖြစ်ပေါ်လာမည်ကို စိုးရိမ်မိပါသည်။ ဤသည်မှာ ယုတ္တိမတန်သော စစ်ဆန့်ကျင်ရေး ဝါဒီများ၏မိုက်မဲမှုအထွတ်အထိပ်ပင်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် မိမိတို့သည် ဘဲထိုး၍ သေရသောမသာ၏ အလားတူပုံစံမျိုးသို့ရောက်နိုင်သောကြောင့်ဖြစ်ပါသည်။ဤကဲ့သို့စဉ်းစားတွေးခေါ်မှုသည် ဗဟုသုတနည်းသူများအားစစ်ပွဲအောင်နိုင်မှုအတွက် ခက်ခဲပင်ပန်းသော တိုက်ခိုက်မှုနှင့် စူးရှထက်မြက်သော ခေါင်းဆောင်မှုတို့အစား အံ့ဩဖွယ်ရာ တီထွင်မှုတချို့ပြုလုပ်ခြင်းဖြင့် ရနိုင်သည်ဟု ယုံကြည်စရာဖြစ်စေပါသည်။ စစ်ပွဲသည် သီးခြားအတတ်ပညာတစ်ရပ်ဖြစ်သည်၊ ပုံသေနည်းများဖြင့် ရှင်းပြနိုင်လောက်အောင်လွယ်ကူခြင်းမရှိပါပေ။

***စာရေးသူ၏အကြံပြုချက်။*** စီးပွားရေးလောကတွင်ကွန်ပျူတာသည်သီအိုရီသဘောအရလူသားတို့၏ကယ်တင်ရှင်ကဲ့သို့ဖြစ်လာနေသည်။ ပြဿနာတစ်ရပ်ဖြစ်လာတိုင်း အစိုးရသည် ငွေကိုပုံအော သုံးစွဲသကဲ့သို့ စီးပွားရေးသမားများကလည်း ကွန်ပျူတာအသုံးပြု၍သုံးစွဲကြသည်။ ကွန်ပျူတာနှင့် အခြားနည်းပညာမြင့်ပစ္စည်း အားလုံးသည် လက်သုံးကိရိယာများသာဖြစ်ပါသည်။ မှန်ကန်စွာအသုံးပြုလျှင် တန်ဖိုးတစ်စုံတစ်ရာ ရှိမည်ဖြစ်သော်လည်း ကောင်းမွန်သောစီမံကိန်း ၊ အရည်အသွေးကောင်းပစ္စည်းထုတ်ရန် ပြင်းထန်သော လုပ်အားစိုက်ထုတ်မှုတို့ကို ဘယ်တော့မျှ အစားထိုးနိုင်မည်မဟုတ်ပါ။ အလုပ်ကိစ္စများစွာနှင့် ပတ်သက်၍ ကွန်ပျူတာသည် အသုံးမပြုဖြစ်သော သတင်းအချက်အလက်အမြောက်အမြားကိုသိမ်းဆည်းထားခြင်းအလုပ်သာ ပြုလုပ်နိုင်ပါသည်။နက်ရှိုင်းသောကျင်းငယ်တစ်ခုကိုတူးရန် ဂေါ်ပြားကိုအသုံးမပြုနိုင်ပါ။ပြဿနာတစ်ရပ်ကိုဖြေရှင်းရန်ကွန်ပျူတာတစ်လုံးထိမှဘာများမျှော်လင့်နိုင်ပါသလဲ။ **ဒမွင်း၏ အတားအဆီးအမှတ်စဉ်(၂)**ကို ရည်ညွှန်းပါသည်။

## "လျှင်မြန်သော ဆက်သွယ်ရေးလမ်းကြောင်းကို ထူထောင်ပါ"

လူများက မိမိနှင့်စကားပြောရန် လိုအပ်သောအခါ အခြားသောလူများ ကြားကခံနေသည်ကို ဖြတ်ကျော် ပြီးမှ ဝင်ရောက်လာနိုင်သည့် အခြေအနေသည် မဖြစ်သင့်ပါ။ သူ့ကိုယ်သူအထင်ကြီးနေသည့် တပ်မှူးကြီး တစ်ယောက်၏ ထင်ရှားသော လက္ခဏာသည် သူနှင့်တွေ့ဆုံရန် အဆင့်ဆင့်လူများကို ကြားခံထားခြင်းဖြစ်သည်။ ဤကဲ့သို့သော ပုဂ္ဂိုလ်များကအခြားလူများနှင့်စကားပြောရန်ကိစ္စသည် အလွန်အရေးကြီးသောကိစ္စဟု ယုံကြည်ကြသည်။ အထက်အရာရှိကြီးများနှင့်သော်လည်းကောင်း ၊ သူတို့ စိတ်ဝင်စားသော အကြောင်းအရာများနှင့် ပတ်သက်၍သော်လည်းကောင်း စကားပြောရန်ကိစ္စများမှအပ အခြားလူများနှင့်စကားပြောရခြင်းသည်သူတို့၏တန်ဖိုးရှိသောအချိန်များကိုဖြုန်းတီးပစ်ရာ ရောက်သည်ဟု ယုံကြည်ကြသည်။ တပ်မှူးကြီးတစ်ယောက်သည် ဤကဲ့သို့ ခံယူနေပြီဆိုလျှင် သူသည် စတင်၍ ထီးတည်းဖြစ်လာပြီဖြစ်ပါသည်။ လက်အောက်ရဲဘော်များနှင့် ထိတွေ့မှုအခွင့်အရေးဆုံးရှုံးလာမည်ဖြစ်ပြီး သူ၏ကွပ်ကဲမှုနှင့်ပတ်သက်သော အသိပညာနှင့် အမြင်အားလုံးကိုလည်း ဆုံးရှုံးပါမည်။ အန္တရာယ်အများဆုံး ဖြစ်ပေါ်လာမည့်ကိစ္စမှာ သူ့လက်အောက်မှ ဦးစီးအရာရှိကြီးသည် အာဏာအရှိဆုံးပုဂ္ဂိုလ်ဖြစ်လာပြီး တပ်မှူးကြီးကို မည်သူက တွေ့နိုင်သည်/မတွေ့နိုင်ဟုဆုံးဖြတ်နိုင်သူဖြစ်လာမည်။ ထို့အပြင်အစည်းအဝေးများတွင် မည်သည့်အကြောင်းအရာကို ဆွေးနွေးမည်၊ မည်သည့်အယူအဆအကြံအစည်များကို မည်သည့်ပုဂ္ဂိုလ်ကသာတပ်မှူးကြီးအားတင်ပြနိုင်သည်ဟု ဆုံးဖြတ်လာပါမည်။ ဤကဲ့သို့သောအခြေအနေဖြစ်ပေါ်လာခြင်းကို အလွန်လွယ်ကူလျှင်မြန်စွာ ရှောင်ရှားနိုင်သောနည်းမှာ ကိုယ်တိုင် ဖုန်းဖြင့် စကားပြောခြင်းဖြစ်ပါသည်။ မိမိထံသို့ ဖုန်းတစ်ချက်လှည့်ခေါ်ရုံမျှဖြင့် တိုက်ရိုက်အဆက်အသွယ် လုပ်နိုင်သည်ဆိုလျှင် အခြားလူတို့သည် အထူးဝမ်းသာအံ့သြကြမည်ဖြစ်သည်။ အရေးကြီးသည်မှာ တိုတိုနှင့်လိုရင်းကို ပြောနိုင်ရန်သာဖြစ်ပါသည်။

## “မိမိဘာကိုသိနားလည်သည် ၊ ဘာကိုသိနားလည်ခြင်း မရှိသည်ကို သိထားပါ”

ခေါင်းစဉ်တွင် ဖော်ပြထားသကဲ့သို့ အဓိပ္ပါယ်ကမထူးဆန်းပါ။ ထောက်လှမ်းရေးအရာရှိထံမှဖြစ်စေ၊ မိမိနေ့စဉ် လှုပ်ရှားသွားလာနေမှုကဖြစ်စေ၊ အစီရင်ခံစာများအရဖြစ်စေ ယခင်အတွေ့အကြုံများနှင့် သတင်းအရင်းအမြစ်များမှ သတင်းအချက်အလက်များစွာကို မိမိကရရှိနေမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် မိမိမသိနိုင်သေးသော အခြား အကြောင်းအရာများကလည်းအများအပြားရှိပါသည်။ဥပမာမိမိစတင်တိုက်ခိုက်မည့်အချိန်၌ ရာသီဥတုကဘယ်လိုရှိမလဲ၊ ရန်သူကဘယ်နေရာကိုဘယ်အချိန်မှာတန်ပြန်တိုက်စစ်ဆင်လာမလဲ၊ ရန်သူကစိတ်ဓါတ်ကျဆင်းပြီး အနည်းအကျဉ်းသာ ခုခံမှာလား၊ မိမိတိုက်ခိုက်မည့် မြို့ရွာများတွင် ရန်သူက ကတုတ်ကျင်းများတူးပြီး အခိုင်အမာနေရာယူထားလင့်ကစား မြို့လူထုက မိမိတို့ဘက်ပါသလား၊ ကြောက်နေသလား၊ လက်နက်ချ အညံ့ခံစေလိုကြသလား စသည်ဖြင့် ဖြစ်ပါသည်။ တစ်ခါတစ်ရံတွင် မိမိမသိရသော သတင်းအချက်အလက်များသည် မိမိအတွက် အကျိုးကျေးဇူးဖြစ်စေသည်လည်း ရှိပါသည်။ နမူနာ တစ်ရပ်အနေဖြင့်ဆိုရသော် ဘာ(ချ်)စစ်ပွဲကာလအတွင်း ဂျာမန်တပ်များက ကြေးနန်းဆက်သွယ်ရေး စနစ်ကို ရပ်ဆိုင်းထားခြင်းသည် မသိရသော သတင်းအချက်အလက် တစ်ခုဖြစ်၏။ ဂျာမန်များဘက်မှ မည်ကဲ့သို့ ပြင်ဆင်စီမံနေသည်ကို တိတိကျကျ မသိရသော်လည်း အတိတ်ကာလ အတွေ့အကြုံများအရ ကြေးနန်းဆက်သွယ်ရေး ရပ်ဆိုင်းခြင်းသည် တစ်စုံတစ်ခု မကြာမီပေါ်ပေါက်လာတော့မည်ဖြစ်ကြောင်းသိရှိထား၏။ ဂျာမန်များကအသေအချာ တိုက်ခိုက်လာ လိမ့်မည်ဖြစ်ကြောင်းဖြစ်နိုင်ချေကို ထောက်လှန်းရေးဌာနမှ တွက်ချက်တင်ပြခဲ့သည်။ ထောက်လှန်းရေး မှကြိုတင်ခန့်မှန်းခဲ့သည့် အတိုင်းအတိအကျပင် ဂျာမန်ဘက်မှထိုးစစ်စတင်ခဲ့ပါသည်။ သို့သော် ကံမကောင်း အကြောင်း မလှသည်မှာ ထိုးဖောက်တိုက်ခိုက်ရေး မဟာမိတ်ဌာနချုပ်က မိမိတို့၏ကြိုတင်သတိပေးချက်ကို လစ်လျူရှုပြီး ပစ်ထား ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့်မိမိမသိရှိသော သတင်းအချက်အလက်တစ်ခုကို ရရှိသည်နှင့် ထိုအချက်အလက်ကို မိမိ သိပြီးသော သတင်းအချက်အလက်များနှင့် ပေါင်းစပ်စဉ်းစားရန် အထူးလိုအပ်ပါသည်။ ဤနည်းဖြင့်သာ မိမိရရှိသော သတင်းအချက်အလက်များကို လက်ငင်းအခြေအနေနှင့်ကိုက်ညီစေပါသည်။ သတင်းအချက်အလက်ဆိုသည်မှာကြက်ဥ ကဲ့သို့ လတ်ဆတ်လေကောင်းလေဖြစ်ပါသည်။ သတင်းအချက်အလက်အဟောင်းများဖြင့် ဆုံးဖြတ်ချက်ကို အလျင်စလို မပြုသင့်သကဲ့သို့ ဆုံးဖြတ်ချက်ပြုလုပ်ရာတွင် မှန်းဆ၍ပြုလုပ်ရသော အယူအဆများကို အသုံးမပြုစေလိုပါ။

## "အမိန့်မရ၍ မလုပ်ရှားခြင်းသည် ခွင့်လွှတ်စရာမဟုတ်ပါ"

အလုံးစုံသော အောင်မြင်မှုကို ရသည်အထိ မိမိတို့သည် ပန်းတိုင်များနှင့် ရည်မှန်းချက်များကို ဆက်လက်သိမ်းပိုက်ရရှိရန် ကြိုးပမ်းအားထုတ်နေကြရမည်ဖြစ်ပါသည်။ ရည်မှန်းချက်တစ်ခုသို့ရောက်ရှိပြီးနောက် မိမိအလုပ်ပြီးပြီဟု ဘယ်တော့မျှ မထင်ပါနှင့်။ တိုက်ပွဲကို ဆက်လက်တိုက်ခိုက်ရန် အမိန့်စောင့်မနေပါနှင့်။ လက်ငင်းရည်မှန်းချက်ကိုတိုက်ခိုက်နေစဉ်အတွင်းမှာပင် နောက်ထပ်ပြုလုပ်ရမည့် တိုက်စစ်အတွက် စီမံချက်ချမှတ်နေရမည်ဖြစ်သည်။ သမိုင်းကိုပြန်ကြည့်မည်ဆိုလျှင် ခေါင်းဆောင်လုပ်သူကမြစ်တစ်ဘက်ကမ်းတွင် တပ်ကိုမှားယွင်းစွာချပြီးရပ်နားထားသည့်အတွက် အရေးအခင်းတစ်ခုလုံးဝမ်းနည်းဖွယ်ရာ ဆုံးရှုံးသွားရသည့် အဖြစ်အပျက်များနှင့် ပြည့်နှက်နေပါသည်။ အဘယ်ကြောင့်ဆိုသော်သူတို့သည် ရရှိထားသောတိုက်ပွဲ၏ အောင်မြင်မှုကို အမြတ်ထုတ်၍ လက်ဦးမှုရယူလိုစိတ်မရှိခြင်းနှင့် မိမိဘက်ကတိုက်စစ်တွင် အမြဲရှိရမည်ဆိုသည့် အခြေခံလိုအပ်ချက်ကို လိုက်နာရန်ပျက်ကွက်ခြင်းတို့ကြောင့်ဖြစ်သည်။ ပက်တန်ကိုယ်တိုင်ကသူ၏ အရာရှိစစ်သည်များကို အသေအချာအာမခံထားခဲ့သည်၊ အလုပ်လုပ်ရာတွင်အလွန်အကျွံလုပ်မိသောအရာရှိနှင့်ရဲဘော်များကို သူကဘယ်တော့မျှ အပြစ်တင်ခြင်းမလုပ်ခဲ့သည့်အပြင် နောင်လည်း ဘယ်တော့မျှမလုပ်ဘူးဟူ၍ဖြစ်၏။ သို့ရာတွင်သူသည် အရာရှိနှင့်ရဲဘော်များအတွက် လုပ်စရာအလုပ်မရှိသော အဖြစ်မျိုးသို့ မရောက်ရှိစေရန်ကိုကား အသေအချာလုပ်တတ်ပါသည်။ အမိန့်ရောက်မလာခဲ့လျှင် မိမိတို့၏ အကောင်းဆုံးချိန်ဆမှုဖြင့် လုပ်စေရမည်ဖြစ်သည်။ ဤကိစ္စအတွက် အသေချာဆုံးစည်းမျဉ်းတစ်ခုမှာ သံသယရှိနေလျှင် နည်းနည်းတိုးကြည့်ပါ၊ ဘာမျှမထူးလျှင် အလားတူတိုး၍တိုး၍သွားပါဟူ၍ ဖြစ်သည်။

## “ရဲစွမ်းသတ္တိသည် ဝိုင်အရက်ကဲ့သို့ သက်တမ်းကြာလာမှ ပို၍တန်ဖိုးရှိလာသည်”

ဤအယူအဆကိုဗိုလ်ချုပ်ကြီးအိုက်ဆင်ဟာဝါ၏ရောဂါလက္ခဏာဟုလည်း ရည်ညွှန်းနိုင်ပါသည်။ မြက်ခင်းသည် အဝေးဘက်၌ ပို၍စိမ်းသည်ဟူသော စကားကဲ့သို့ တပ်မှူးများသည် သူတို့သိပြီးသော လူများအပေါ်သို့ ယုံကြည်မှု လျော့နည်းစေသည့် အတွေးအခေါ်ဖြစ်ပါသည်။ ယုံလွယ်သော တပ်မှူးသည် မိမိမသိသော လူတစ်ယောက်က မိမိ၏ လူထက်သာသည်ဟု ယုံကြည်တတ်သည်။ သူ့လူများမလုပ်နိုင်သော အံ့ဖွယ်သရဲအလုပ်များကို အခြားတစ်နေရာမှ အခြားကျွမ်းကျင်သူတစ်ဦးက လုပ်ပြလိမ့်မည်ဟုထင်သည်။ ရှေးခေတ်က လူစွမ်းကောင်းများနှင့် စစ်ဘုရင်များသည် သာမန်လူများသာဖြစ်ကြပါသည်။ သူတို့သည် သာမန်ထက် ထူးခြားသော အင်အား၊ ဉာဏ်ပညာနှင့်အသိတရားရှိသော နတ်များမဟုတ်ကြပါ။သမိုင်းဆရာများကသာ ဤရှေးဟောင်းပုဂ္ဂိုလ်များကို အနန္တတန်ခိုးရှင်၊ အနန္တပညာရှင် ဖြစ်အောင် လုပ်ခဲ့ကြခြင်းဖြစ်ပါသည်။ ယနေ့ မိမိတို့လူများထဲတွင် လွန်ခဲ့သောနှစ်ပေါင်းတစ်ထောင်ခန့်ကသာ သူတို့ အသက်ရှိခဲ့ကြလျှင် ကြီးမြတ်သောသမိုင်းဝင်ပုဂ္ဂိုလ်များဖြစ်နိုင်သည့် လူများပါဝင်ကြပါသည်။ အခြားတစ်ဘက်မှ ပြန်စဉ်းစားကြည့်ခဲ့လျှင် ဂျူးလီးယက်ဆီဇာသာ ယခုအချိန်ရှိနေလျှင် မိမိ၏ တပ်ထဲ၌ ဗိုလ်မှူးချုပ်အဆင့်လောက်ဖြစ်နေပါလိမ့်မည်။ တစ်စုံတစ်ယောက်သည် နေရာဝေးဝေးတွင် အချိန်ကြာကြာနေပြီးသွားသောအခါ သူ၏ မူလရှိသော အရည်အချင်းထက် ပို၍သာသည်ဟုမြင်ကြသည်။ဤအချက်သည် ဗိုလ်ချုပ်ကြီးအိုက်ဆင်ဟာဝါ၏ ကြီးမားသော အားနည်းချက်တစ်ခုဖြစ်သည်။ အခြားသော စစ်နယ်ဝန်းတွင် စစ်ဆင်ရေးဝင်ရောက်နေကြသော အရာရှိများသည် မိမိ၏ လက်အောက်တွင် စစ်ဆင်နေသော အရာရှိများထက်သာသည်ဟု သူကမကြာခဏမြင်တတ်ပါသည်။ သူသည် မိမိလက်အောက်မှ လူများကို ပုဂ္ဂိုလ်ရေးအရ သိရှိနေသည့်အပြင် အတူတကွ အလုပ်လုပ်နေကြသောကြောင့် သူတို့အမှန်တကယ်ဘယ်လောက်တော်သည်ကောင်းသည်ကို အသိအမှတ်ပြုရန် ပျက်ကွက်ခဲ့ပါသည်။ သူ၏ လူများနှင့်ရင်းနှီးကျွမ်းဝင်မှုများသည် သူ့အား မကြာခဏဆိုသလို ထိုလူများ၏စွမ်းဆောင်ရည်ကို အမှန်ရှိသည်ထက်နည်းသည်ဟုမှားယွင်းစွာယုံကြည်စရာအကြောင်း ဖြစ်စေခဲ့ပါသည်။ ဤသည်ကို ရင်းနှီးကျွမ်းဝင်ခြင်းကြောင့် ပေါက်ဖွားလာသော အထင်သေးခြင်းဟု မခေါ်နိုင်ပါက အနည်းဆုံးမိမိလူများအပေါ် မိမိက လျှော့ချထင်မြင်ခြင်းဟု ခေါ်ဆိုရပါမည်။

## “မိမိ၏စိတ်က ခန္ဓာကိုယ်ကို ကွပ်ကဲနိုင်ပါစေ၊ မိမိ၏ခန္ဓာကိုယ်က စိတ်ကို မကွပ်ကဲစေရန်”

လူ့ဘဝဆိုသည်မှာ စိတ်ပိုင်းနှင့် ရုပ်ပိုင်းနှစ်ပိုင်းစလုံး၏ နာကျင်မှုဝေဒနာများကို စုစည်းထားရာဖြစ်ပါသည်။ ရုပ်ခန္ဓာချည်းသက်သက်ဖြင့် မိမိလုပ်နိုင်သည်မှာ ဘာမျှမရှိပါ။ မိမိ၏ ဘဝကို မိမိ၏ခန္ဓာကိုယ်က စိုးမိုးထားခွင့် ပြုမည်ဆိုပါကဘာတစ်ခုမျှပြီးမြောက်အောင်လုပ်နိုင်မည်မဟုတ်ပါ။ မိမိက ပင်ပန်းနွမ်းနယ်နေသောအခါ၊ စိတ်မချမ်းမသာ ဖြစ်နေသောအခါ၊ ဖျားနာနေသောအခါ သို့မဟုတ် နောက်ထပ်ခြေတစ်လှမ်းပင်မသွားနိုင်တော့ဟု ထင်ရသောအခါ မိမိ၏ စိတ်ကမိမိ၏ခန္ဓာကိုကွပ်ကဲမှုယူရမည့် အချိန်ပင်ဖြစ်သည်။ ခန္ဓာကိုယ်သည် စိတ်က အမိန့်ပေးသည့်အတိုင်း လိုက်လုပ်ရမည့် အခွံတစ်ခုသာဖြစ်လာပါလိမ့်မည်။ ကဗျာဆရာကြီးနှင့်တွေးခေါ်ရှင် ကစ်(ပ)လင်း ရေးထားသည့် စာသားကလေးအတိုင်းဆိုရလျှင် –

‘‘အကယ်၍မင်းဟာ သည်းမခံနိုင်ဖြစ်နေသော တစ်မိနစ်ကို
စက္ကန့်ခြောက်ဆယ် ဆုံးခန်းတိုင်အောင် ကြံ့ကြံ့ခံနိုင်ခဲ့ပြီဆိုလျှင်
ဤကမ္ဘာမြေကြီးနှင့် မြေကြီးပေါ်တွင်ရှိသမျှအားလုံးကို ပိုင်ဆိုင်နိုင်ပါပြီ
နောက်ပြီး မင်းဟာ ယောက်ျားကောင်းတစ်ယောက်လည်း ဖြစ်ပါပြီ သားရယ်’’ ဟူ၍ဖြစ်၏။

အကယ်၍ မိမိသည် နာကျင်မှုဝေဒနာခံစားနေရပြီ ဆိုလျှင် ဤဖြစ်ရပ်သည် အလွန်ဆိုးဝါးပါသည်။ အလားတူ နာကျင်မှုဝေဒနာကို ခံစားရင်းဖြင့် တစ်စုံတစ်ရာကိုပြီးမြောက်အောင် လုပ်ဆောင်နိုင်ခဲ့ပြီဆိုလျှင် သေသွားသည့်တိုင် ကောင်းမြတ်သောဘုံဗိမာန်၌ အနားရနိုင်ပါလိမ့်မည်။

## "အခြေအနေနှင့်ဆီလျော်အပ်စပ်သော စီမံချက်ကိုပြုလုပ်ပါ"

စီမံချက်နှင့်အပ်စပ်သော အခြေအနေများကို ပြုလုပ်၍မရပါ။ စစ်ပွဲဆိုသည်မှာ ပျက်စီးဆုံးရှုံးမှု အစုအဖွဲ့ကို ခေါ်ဆိုခြင်းဖြစ်သည်။ အခြေအနေများက ရက်အလိုက်၊ နာရီအလိုက်၊ မိနစ်အလိုက် ပြောင်းလဲနေသောကြောင့် ယင်းပြောင်းလဲမှုများမတိုင်မီကတွေးတောကြံဆခဲ့သောစီမံချက်များအပေါ် အသေစွဲကပ်ထားခြင်းသည် သေချာပေါက်မိုက်မဲမှုသို့မဟုတ်ပြစ်မှုမြောက်နိုင်သောအလားအလာဖြစ်သည်။ မိမိတို့သည် ဂျာမန်တပ်များအပေါ် အနိုင်ရစေခဲ့သောအကြောင်းရင်းများအနက် တစ်ချက်မှာ သူတို့၏တပ်များသည် သူတို့ဘာသာ မစဉ်းစားနိုင်ခဲ့ကြသောကြောင့်ဖြစ်သည်။ ပြောင်းလဲနေသောအခြေအနေများတွင် အမိန့်များသည် အပ်စပ်မှန်ကန်မှုမရှိတော့ကြောင်း သိရှိကြလျက် မိုက်မဲစွာလိုက်နာခဲ့ကြသည်။ မိမိတို့၏ တပ်ဖွဲ့ဝင်များသည် ထိုသို့မပြုမူခဲ့ကြပါ။ မိမိတို့၏ တပ်ဖွဲ့ဝင်များသည် အခြေအနေက သူဘာသာသူ ပေးအပ်လာသောအခွင့်အရေးကို ရယူနိုင်ရန်အတွက် လိုအပ်လာလျှင် ဖြစ်ပေါ်နေသော တစ်ခဏအတွင်း ချက်ချင်းပြောင်းလဲဆောင်ရွက်နိုင်စွမ်းရှိကြသည်။ စီမံချက်တွင် ရန်သူ့အတွင်းပိုင်းသို့ ဖောက်ဝင်ရန်အချက်ကို ထည့်သွင်းရေးဆွဲထားခြင်းမရှိသည့်အခါ၌ပင် အကျိုးအမြတ်ရရှိမည်ဆိုလျှင် အမြတ်ထုတ်စစ်ဆင်ရေးကို ဆင်နွှဲနိုင်ရန်အတွက် မိမိတို့၏တပ်များက ဖောက်ဝင်နိုင်ပါသည်။ တပ်ဖွဲ့ဝင်များအတွင်း မိမိဘာသာ ကြံစည်စိတ်ကူးမှုနှင့် နိုးဆော်မှု အင်္ဂါရပ်များနှင့်ပြည့်စုံစေရန် သွန်သင်ပေးထားရသည်။ ပထမကမ္ဘာစစ်ကာလအတွင်းက အဖြစ်အပျက်တစ်ခုကိုပြန်ပြောပြလိုသည်။ နောက်ဆုံးရရှိလာသော သတင်းများအရမိမိသည် ဦးစီးအရာရှိတစ်ယောက်အား သူရေးသားနေသည့် အမိန့်တွင်မှိုင်းကာချထားရန် အစီအစဉ်ကို ထည့်သွင်းပေးရန် ပြောခဲ့ဖူးပါသည်။ သူက အမိန့်ကို ဖယောင်းစက္ကူဖြင့် လှည့်ထုတ်ပြီးဖြစ်၍ အသစ်ပြောင်းလဲပြီး ထည့်သွင်းပေးရန်မဖြစ်နိုင်ဟုငြင်းဆိုခဲ့ပါသည်။ ဤသည်မှာ ပြောင်းလွယ်ပြင်လွယ် မရှိခြင်းနှင့်မိုက်မဲခြင်းအတိုင်းအတာကို ဖော်ပြနေခြင်းဖြစ်ပါသည်။ ဖယောင်းစက္ကူအသစ်တစ်ရွက် ပြန်ရိုက်ပေးရန်ထက် လူများ ပို၍သေချင်သေပါစေဆိုသည့်အဓိပ္ပါယ်ဖြစ်ပါသည်။

## “အသေးစိတ်ကလေးအပေါ် အကြီးစဲ့လွန်းခြင်းသည် စစ်ပွဲနှင့်ပတ်သက်၍ မှားယွင်းသော အတွေးအခေါ်ကိုဖြစ်ပေါ်စေသည်”

အတိုချုပ်ပြောရလျှင်အထူးပြုလေ့လာသူများနှင့် အထူးကျွမ်းကျင်သူများကို သတိပြုရန်ဖြစ်ပါသည်။ အထူးပြုလေ့လာသူသည် အရာခပ်သိမ်းကိုသူ၏ ရှုထောင့်အမြင်တစ်ခုတည်းမှသာရှုမြင်တတ်ပါသည်။ အထူးပြုလေ့လာသူများနှင့် အထူးကျွမ်းကျင်သူများသည် အရာဝတ္ထုတစ်ခုအပေါ်သို့ သက်ရောက်နေသော ရောင်စဉ်အပြည့်အစုံကို သိမြင်ခြင်းမရှိပါ၊ တစ်နည်းအားဖြင့် ပြဿနာတစ်ရပ်ကို အရာခပ်သိမ်း ဘက်စုံထောင့်စုံမှနေ၍ ဘယ်တော့မျှ သိမှတ်တတ်ခြင်းမရှိပါ။ သူတို့သည် အားလုံးအပေါ် အပြည့်အဝခြုံ၍စဉ်းစားရမည့်အပိုင်း၌ အားနည်းပါသည်။ သူတို့၏အမြင် သူတို့၏သွင်းအားစုကို သတင်းအစိတ်အပိုင်းတစ်ခုမျှ အဖြစ်သာ ရှုမြင်နိုင်ရန်လိုပါသည်။ အထူးပြုလေ့လာသူများနှင့် ကျွမ်းကျင်သူများ၊ဥပမာ–လေကြောင်းပညာသည်၊ အမြောက်သံချပ်ကာပညာသည်များက သူတို့သည်သာ စစ်ပွဲအတွက်အသုံးဝင်ဆုံးသောတစ်ခုတည်းသောလက်နက်ဖြစ်သည်။ သူတို့တပ်ဖွဲ့သာ လိုလိုလောက်လောက်သုံးစွဲခဲ့လျှင် စစ်ပွဲကြီး မကြာခင်ပြီးဆုံးလိမ့်မည် ဟုပြောကြားတတ်ကြသည်။ အမှန်တကယ်မှာ စစ်မြေပြင်တွင်ရောက်ရှိနေသော စစ်သည်တော်များကသာ နောက်ဆုံးသုံးသပ်ချက်ကို ပြုလုပ်နိုင်ပြီး စစ်ပရိယာယ်ကို ကျင့်သုံးနိုင်ခြင်းဖြစ်ပါသည်။

***စာရေးသူ၏ အကြံပြုချက်။*** စီးပွားရေးလောကတွင် စစ်မြေပြင်တွင်ရောက်ရှိနေသော စစ်သည်တော် ဆိုသည်မှာ ကုန်ပစ္စည်းတစ်စုံတစ်ခု ထုတ်လုပ်သော အလုပ်သမားဖြစ်သည်။ သတင်းများရေးနေသော သတင်းသမား၊ အင်ဂျင်အတွက် လိုအပ်သော ဆီနှင့်ချိန်၍ပလပ်များကို လဲလှယ်တပ်ဆင်နေသော စက်ပြင်သမား၊ အရာရှိကြီး၏ စာများကို ရိုက်နှိပ်ပြီးပြင်ဆင်ပေးနေသော ရုံးသမား၊ အထည်အလိပ်များကို အဝတ်အစားများဖြစ်လာစေရန် ချုပ်လုပ်ပေးနေသော အလုပ်သမတို့သည် ကုန်ပစ္စည်းများကိုထုတ်လုပ်ပေးနေသူများဖြစ်ကြ၏။ စီမံခန့်ခွဲသူများက ဘာမျှထုတ်လုပ်ပေးခြင်းမရှိပါ၊ သူတို့ကကုန်ကြမ်းများ၊ ချပ်ဝတ်တန်ဆာပစ္စည်းကိရိယာများ ထုတ်ပေးရန်နှင့် အလုပ်သမားများက ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ပေးနိုင်ရန် လိုအပ်သောအခြေအနေကို ဖန်တီးပေးရန်ဖြစ်ပါသည်။ စီမံခန့်ခွဲသူများသည် အလုပ်သမားများရင်ဆိုင်ကြုံတွေ့ရသည့် ပြဿနာများ၏ ၈၅ ရာခိုင်နှုန်းကို တာဝန်ယူဖြေရှင်းပေးရမည်ဖြစ်ပြီးကုန်ထုတ်လုပ်မှုစနစ်တစ်ခုလုံးအတွက် တာဝန်ရှိသူများလည်းဖြစ်ကြသည်။ **ဒမ္မင်း၏ အတားအဆီးအမှတ်(၇)** ကို ရည်ညွှန်းပါသည်။

## “ကိုယ်ကျင့်သတ္တိသည် လူအများ၏ စရိုက်လက္ခဏာတွင် အတွေ့ရခဲဆုံးနှင့်တန်ဖိုးအရှိဆုံး အရာလည်းဖြစ်သည်”

မိမိ၏ဘဝတွင် တွေ့ကြုံခဲ့ရသော အကြိမ်အရေအတွက်ကို မဖော်ပြနိုင်တော့ပါ။ တရားမျှတမှုမရှိသော ဆုံးဖြတ်ချက်များ၊ အထူးသဖြင့် စစ်သည်တော်ထောင်ပေါင်းများစွာ၏ အသက်များကို အမှန်တကယ်ထိခိုက်စေနိုင်သည့် ဆုံးဖြတ်ချက်များပြုလုပ်သည့်အခါတွင် ငြိမ်သက်စွာနေ၍ ဘာမျှမပြောမဆိုနေနိုင်သောလူများကို အကြိမ်ကြိမ် တွေ့ဖူးပါသည်။၎င်းဆုံးဖြတ်ချက်များသည် ခိုင်မာသောစစ်အခြေခံသဘောတရားအပေါ်တွင် ရပ်တည်ခြင်းမရှိဘဲ အထက်ကွပ်ကဲမှုဌာနချုပ်များမှ အရာရှိကြီးများ၏နိုင်ငံရေးနှင့်ပုဂ္ဂိုလ်ရေးရည်မှန်းချက်များသက်သက်ဖြင့်သာ ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။ စစ်မြေပြင်တွင် သတ္တိမရှိခြင်းသည် စက်ဆုပ်ရွံရှာဖွယ်ဖြစ်သည်။ စစ်ဆင်ရေးစီမံကိန်းခန်းမများအတွင်း၌ သတ္တိမရှိခြင်းသည် အလွန်မုန်းတီးစရာကောင်းပါသည်။ နောက်ဆုံးတွင် စစ်သည်တော်များ၏ မလိုလားအပ်သောသေဆုံးမှုများ၊ ကိုယ်အင်္ဂါ အစိတ်အပိုင်းဆုံးရှုံးမှုများနှင့် ပုံပျက်ပန်းပျက်ဖြစ်မှုများသည် အဆိုပါတပ်မှူးများကြောင့်ဖြစ်သည်။ မိမိကမှန်သည်၊ တရားမျှတသည်ဟု ယုံကြည်သည့်ကိစ္စကို ထပြောရဲသော သတ္တိရှိရပါမည်။ လူအများစုတွင် ယင်းကဲ့သို့သော သတ္တိမျိုး မရှိကြဟုထင်ရပါသည်။ မိမိ၏ ဘဝလမ်းကြောင်းကောင်းစေရန်အတွက် ဖော်လံဖားခြင်းများသည် စစ်ပညာမတတ်ကျွမ်းသူများကဲ့သို့ ကြောက်စရာကောင်းပါသည်။

***စာရေးသူ၏ အကြံပြုချက်*****။** စီးပွားရေးလောကတွင် အသုံးချမည်ဆိုလျှင် ပြီးခဲ့သည့်စာမျက်နှာများ၌ ဖော်ပြခဲ့သည့် ပက်တန်၏အမှာစကားတစ်ခုဖြစ်သော ‘‘လူ့ဘဝတွင်တစ်စုံတစ်ခုအတွက် တိုက်ခိုက်ရခြင်းက အဓိပ္ပါယ်မရှိသော သေဆုံးရခြင်းထက်သာသည်’’ဆိုသောအကြံပြုချက်များကိုဖတ်ရှုစေလိုပါသည်။ **ဒမ္မင်း၏အမှတ်(၈)နှင့်အမှတ်(၁၄)** အချက်များကိုလည်း ဖတ်ရှုစေလိုပါသည်။

## “အောင်နိုင်မှုကြောင့် ဘာမျှ အမြတ်ထွက်စရာမရှိသောတိုက်ပွဲကို မတိုက်ပါနှင့်”

အဆမတန် အဆုံးအရှုံးခံပြီးမှ ရသောအောင်ပွဲသည် အောင်ပွဲမဟုတ်ပါ။ တိုက်ပွဲအတွက် ခိုင်မာသော အကြောင်းပြချက်ရှိရမည်၊ ရည်ရွယ်ချက်ရှိရမည် ၊ စစ်သည်တော်များကို တိုက်ပွဲနေရာများသို့ မစေလွှတ်မီ သူတို့ ရယူပေးရမည့် အရည်အချင်းပြည့်မှီသော ရည်မှန်းချက်ရှိရမည်။ စစ်တိုက်ပြီး ရှုံးနိမ့်ခြင်းသည် မကောင်းပါ။ ရည်ရွယ်ချက် မရရှိဘဲ စစ်ပွဲအောင်မြင်ခြင်းက ပိုဆိုးပါသေးသည်။ ပြစ်မှုမြောက်သော ပေါ့ဆမှုနှင့် နယ်နိမိတ်ချင်း နီးကပ်သည်။ မိမိ၏ စစ်သည်တော်များကို သတ်ဖြတ်ခြင်း၊စစ်ပစ္စည်းရိက္ခာနှင့် အချိန်တို့ကို အလဟဿဖြုန်းတီးပစ်ခြင်းနှင့် တန်းတူသည်။

**"တိုက်ပွဲနေရာကို ဘယ်တော့မျှ ရန်သူအားရွေးချယ်ခွင့်မပေးပါနှင့်"**

ရန်သူကိုတိုက်ပွဲနေရာရွေးချယ်ရန်ခွင့်ပြုပေးပါက သင့်လောက်မိုက်မဲသောလူအတွက် ဘယ်တော့မျှအောင်နိုင်မှု အခွင့်အရေးကို ရလိမ့်မည်မဟုတ်ကြောင်း လောင်းရဲပါသည်။ အခြားလူ၏ ကစားကွင်းတွင် သူ၏ စည်းမျဉ်းနှင့် သူ၏ စီမံချက်အတိုင်း မိမိကဝင်ကစားပေးရသလိုဖြစ်နေပါမည်။ ရန်သူက မိမိကိုရှေ့တည့်တည့်မှ တိုက်စစ်ဆင်ရန် ကြိုးစားအားထုတ်လာပါက သူ့အားထောင်ချောက်ဆင်ရန် အခွင့်အရေးမပေးပါနှင့်။ သူ့ကိုပတ်သွားပါ၊ သူ၏နောက်ကျောသို့ ရောက်အောင်သွားပြီး သူ၏ဌာနချုပ်များကိုတိုက်ခိုက်ပါ၊သူ၏ဆက်သွယ်ရေးလမ်းကြောင်းများကိုဆိုးဝါးစွာပျက်စီးပါစေ၊ သူ၏ထောက်ပံ့ရေးလမ်းကြောင်းများကိုဖျက်ဆီးပစ်ပါ၊ ဦးခေါင်းကိုဖြတ်တောက်ပြီးပါကသူ့တစ်ကိုယ်လုံးကို စိတ်ကြိုက် ဖျက်ဆီးနိုင်ပါပြီ။ နာခေါင်းဆွဲပြီး ကန်ထုတ်လိုက်နိုင်ပါပြီ။

## “ဆုံးဖြတ်ချက်တစ်ရပ်ကို စောလွန်း၊ နောက်ကျလွန်းစွာ မပြုလုပ်ရပါ”

အပြီးသတ်ဆုံးဖြတ်ချက်ဆီသို့တန်းမသွားပါနှင့်၊ စိတ်အထင်ယူဆချက်များမပါဝင်ပါစေနှင့်၊ ရုတ်ခြည်းဆုံးဖြတ်ချက်မပြုလုပ်ပါနှင့်။ ကောင်းမွန်သောဆုံးဖြတ်ချက်တစ်ရပ်ကိုရရှိရန် လုံလောက်သော သတင်းအချက်အလက် ရှိရပါမည်။ တစ်ချိန်တည်းမှာပင် ဆုံးဖြတ်ချက် ချမှတ်နိုင်ရန် သတင်းအပိုင်းအစတိုင်းကို စောင့်ဆိုင်းနေ၍မရပါ။ ရွေးချယ်မှုတစ်ခုကိုပြုလုပ်ရန် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရခြင်းသည် အခွင့်အရေးတစ်ရပ်ကို ဆုံးရှုံးရန် ဖြစ်နိုင်ချေများပါသည်။ ဆုံးဖြတ်ချက်ပြုလုပ်ရသောလုပ်ငန်းစဉ်၏ကြီးမားသောအစိတ်အပိုင်းသည် ရန်သူ့အကြောင်း၊ ရန်သူ၏လှုပ်ရှားမှုများနှင့် စွမ်းဆောင်ရည်များအပေါ် ရရှိထားသောသတင်းအချက်အလက်များသာမက မိမိ၏ အတိတ်ကာလက အတွေ့အကြုံများနှင့်အသိပညာများအပေါ်မှာလည်းတည်ပါသည်။ မိမိကိုယ်တိုင်လည်း မကြာခဏဆိုသလို ရုတ်ခြည်းနှင့် အမြန်ဆုံးဖြတ်ချက်များချမှတ်ခဲ့ခြင်းအတွက် အပြစ်တင်ခံခဲ့ရပါသည်။ ထိုကဲ့သို့သော လုံးဝမမှန်ကန်သည့် စွပ်စွဲချက်များသည် မနာလိုသောပုဂ္ဂိုလ်များကသာ ပြုလုပ်ခဲ့ကြခြင်းဖြစ်ပါသည်။ မိမိသည်စစ်ပွဲများအကြောင်း ဆယ်စုနှစ်ပေါင်းများစွာ လေ့လာခဲ့ပြီးရန်သူသည် မည်ကဲ့သို့တုံ့ပြန်လုပ်ဆောင်လာမည်ကိုသိပါသည်။ သမိုင်းကို နက်နက်ရှိုင်းရှိုင်း လေ့လာခဲ့ခြင်းကြောင့် ရန်သူလုပ်ဆောင်လာမည့် လှုပ်ရှားမှုတိုင်းအတွက် မိမိဘက်မှ တန်ပြန်လှုပ်ရှားမှုတစ်ခုက အမြဲအသင့်ရှိနေခဲ့ပါသည်။ အောင်မြင်သောတပ်မှူးနှင့် အရည်အချင်းပြည့်မီသော ခွဲစိတ်ဆရာဝန်ကြီးကို နှိုင်းယှဉ်ကြည့်နိုင်ပါသည်။ ခွဲစိတ်ကုသနေစဉ်အတွင်းအရေးပေါ်အခြေအနေပေါ်ပေါက်လာပါက အရည်အချင်းပြည့်ဝသောဆရာဝန်သည်ထိုတစ်ခဏ၌ဖြစ်ပေါ်နေသော အခြေအနေအပေါ်မူတည်၍ ပြုပြင်လုပ်ဆောင်ရန်အချက်များကို ချက်ချင်းပင်ဆုံးဖြတ်ချက်ချပါလိမ့်မည်။ ဤကဲ့သို့ဆုံးဖြတ်ချက်များ ချနိုင်သောကြောင့်လည်း ကျွမ်းကျင်သောခွဲစိတ်ဆရာဝန်ကြီးဟု ခေါ်ဆိုနေရခြင်းဖြစ်ပါသည်။အောင်မြင်သောတပ်မှူးသည်လည်း တိုက်ပွဲကာလအတွင်းလူ့အသက်များနှင့်စစ်လက်နက်ပစ္စည်းအဆုံးအရှုံးအနည်းဆုံးဖြင့် အောင်မြင်မှုကို ရယူပေးရန် အလားတူဆောင်ရွက်ပါလိမ့်မည်။

## “ထိပ်ဆုံးနေရာသို့ ရောက်ရှိရန် သေသည့်တိုင်ရပ်မထားပါနှင့်”

လူတစ်ယောက်သည် လေ့လာခြင်း၊ စဉ်းစားတွေးခေါ်ခြင်း၊ အလုပ်လုပ်ခြင်း၊ သင်ယူခြင်း တို့ကို ဘယ်တော့မျှ ရပ်မထားရပါ။ မှားယွင်းသော အလုပ်တစ်ခုလုပ်မိလျှင် ထိုအလုပ်မှသင်ယူပါ။ မှန်ကန်သော အလုပ်တစ်ခု လုပ်နိုင်ခဲ့လျှင် ထိုအလုပ်မှယုံကြည်မှုနှင့် ထိုးထွင်းသောအမြင်ရယူနိုင်သည်။ ယခုလက်ရှိမိမိအခြေအနေထက် ပိုမိုကောင်းမွန်ပြီး ကြီးကျယ်မြင့်မြတ်သောရည်မှန်းချက်ကို ဘယ်တော့မျှ လက်မလွှတ်ပါနှင့်။ ထိပ်ဆုံး၌ တစ်စုံတစ်ယောက် ရှိမည်ဆိုလျှင် ထိုနေရာသည် မိမိအတွက် မဖြစ်နိုင်စရာ အကြောင်းပြချက်မရှိပါ။

### "ဆုံလည်ကုလားထိုင်ပေါ်တွင် ထိုင်နေရင်းဆုံးဖြတ်ချက်ကောင်း တစ်ခုကို မရနိုင်"

ကုလားထိုင်မှထလိုက်ပါ၊ ရုံးခန်းအတွင်းမှ ထွက်ခွာသွားပါ၊ မိမိသည် ရှိသမျှအချိန်အားလုံး စားပွဲတစ်လုံး၏ နောက်တွင် ထိုင်ဖြုန်းနေသမျှ အခြားနေရာများတွင် ဘာတွေဖြစ်နေမှန်း သိလိမ့်မည်မဟုတ်ပါ။ အချိန်ကာလတစ်ခုတွင် ဘာတွေဖြစ်နေသည်ကို သိရှိလိုပါက ကိုယ်တိုင်ထသွားပြီး ကြည့်ရှုရန် ဖြစ်သည်။ မိမိ၏ ဦးစီးအရာရှိများ မည်မျှပင် တော်နေပါစေ အစီရင်ခံစာများနှင့် တစ်ဆင့်ကြားသတင်းများကို မယုံကြည်ပါနှင့်၊ ဦးစီးအဖွဲ့၏ သတင်းစကား၊ အကြံပြု ချက်များနှင့် ထိုးထွင်းသောသိမြင်မှုများသည် အလွန်တန်ဖိုးရှိပြီး အကျိုးကျေးဇူးအပြည့်အဝ ရရှိစေရန် အသုံးချရမည် ဖြစ်သော်လည်း ကိုယ်တိုင်၊ တိုက်ရိုက် သိမြင်ရသော အသိပညာကိုတော့ မမီနိုင်ပါ။ ရှေ့တန်းသို့ မိမိရောက်သွားလျှင် လက်တွေ့အစစ်အမှန် အလုပ်လုပ်နေရသော ရဲဘော်များကို တွေ့ရမည်၊ ထို့အပြင်ပို၍အရေးကြီးသည်မှာ သူတို့က လည်းမိမိကိုတွေ့မြင်ရမည်ဖြစ်သည်။ တိုက်ပွဲအောင်မြင်ရေးအတွက်မိမိ၏အလေးအနက်ထားရှိမှုကိုသော်လည်းကောင်း၊ သူတို့၏နေ့စဉ်လှုပ်ရှားဆောင်ရွက်နေမှုများနှင့် သူတို့အပေါ် မိမိ၏အလေးထားမှုကိုသော်လည်းကောင်း သူတို့ သိရှိသွား ကြမည်ဖြစ်သည်။ မိမိအတွက် မိမိရဲဘော်များအပေါ်ယုံကြည်မှုတည်ဆောက်နိုင်သကဲ့သို့ ခေါင်းဆောင်တစ်ဦး အဖြစ် မိမိ၏ဂုဏ်သိက္ခာကိုလည်းတိုးတက်စေပါသည်။ ရဲဘော်များ၏ စိတ်ဓါတ်တက်ကြွမှုသည် လုံခြုံစိတ်ချရပြီး သက်တောင့် သက်သာ ရှိလှသော နောက်တန်းဌာနချုပ်မှ ဂုဏ်စာဖြင့်ပေးပို့သော အားပေးစကားများကြောင့် မဖြစ်ပေါ်နိုင်ပါ၊ စစ်မြေ ပြင်တစ်ဝန်းကို တာဝန်ခံထားသော ခေါင်းဆောင်၏ တက်ကြွစွာ လှုပ်ရှားဆော်သြမှုကို မျက်ဝါးထင်ထင်မြင်တွေ့ရခြင်း ဖြင့်သာ ဖြစ်ပေါ်နိုင်ပါသည်။ အချိန်တိုင်းတွင် ဘာတွေဖြစ်နေသည်ကို အတိအကျ သိစေရန် လုပ်ရမည်မှာ တပ်မှူး၏ အလုပ်ဖြစ်သည်၊ မိမိ၏ တပ်ဖွဲ့ကိုမြင်တွေ့ရန်လည်းကောင်း၊ ရဲဘော်များကို ထိတွေ့ရန်လည်းကောင်း၊ သူတို့နှင့် ပတ်သက်သော သတင်းအချက်အလက်များကို စုစည်းရန်လည်းကောင်း မိမိ၏ ရုံးခန်းအတွင်း၌ မပြုလုပ်နိုင်ပါ။

***စာရေးသူ၏အကြံပြုချက်***။ ထိပ်ပိုင်းတွင်ရှိသောစီမံခန့်ခွဲသူများသည်သီးသီးသန့်သန့်နှင့်သက်သာလွယ်ကူမှုများ ပြည့်စုံလှသော သူတို့၏ ရုံးခန်းအဆောက်အအုံများအတွင်းမှ ရံဖန်ရံခါ ထွက်ခွာပြီး ကမ္ဘာကြီးတစ်ခုလုံးတွင် ဘာတွေ ဖြစ်နေသည်ကိုသိအောင်လုပ်သင့်ပါသည်။ အလုပ်သမားများ၏ အလုပ်အတွင်းသို့စူးစမ်းရှာဖွေခြင်း သို့မဟုတ် စပ်စုခြင်း မရှိဘဲ အလုပ်သမားထု၏ အသိအမှတ်ပြုမှုကို ရယူနိုင်ရပါမည်။ အဖွဲ့အစည်းတစ်ခုတွင် ထိပ်ဆုံးလူကို အလုပ်သမား အများစုက သိရှိနိုင်ကြမည်မဟုတ်ပါ။ စီမံခန့်ခွဲသူများက အလုပ်သမားတချို့ကို နာမည်နှင့်တကွ သိနေလျှင် အကောင်း ဆုံးပါပဲ။ **ဒမ္မင်း၏ အမှတ်(၉)အချက်** ကို ရည်ညွှန်းပါသည်။

## “လူတိုင်း၏စဉ်းစားမှုကတူညီနေလျှင် တစ်ယောက်မျှအမှန်တကယ်စဉ်းစားနေကြခြင်းမဟုတ်ပါ”

အဖွဲ့အစည်းများစွာတို့တွင် ဖော်လံဖားခြင်းသည် ကင်ဆာရောဂါကဲ့သို့ အမြစ်တွယ်နေကြသည်။ အချွန်မြဆုံးလှံစွပ်ဖြင့်ဖယ်ရှားပစ်ရမည့်ကိစ္စဖြစ်သည်။ အမျိုးအစားစုံလင်သောအကြံဉာဏ်များ အတွေးအခေါ်များနှင့် အယူအဆများသည် သင်ယူမှုနှင့်စဉ်းစားဆင်ခြင်မှု ပတ်ဝန်းကျင်ကို မြှင့်တင်ပေးနိုင်ရမည်။ အလားအလာကောင်းရှိသော တပ်မှူးများစွာ၏ ချို့ယွင်းချက်တစ်ခုမှာအခြားလူများတွင်လည်း အကြံကောင်းဉာဏ်ကောင်းများ ရှိနိုင်သည်ဆိုသည့် အချက်ကိုဝန်ခံနိုင်သည့်စွမ်းရည်မရှိကြခြင်းဖြစ်သည်။ ယေ်ရှယ်သော စစ်သည်တော်များ၏ စဉ်းစားတွေးခေါ်မှုများနှင့် စွမ်းဆောင်ရည်များကို ပြုစုပျိုးထောင်ရန်နှင့် အသုံးချရန် ခွင့်မပြုခဲ့လျှင် အနာဂတ်အတွက် အရည်အချင်းပြည့်မီ၍ စိတ်ဓါတ်တက်ကြွပြီးယုံကြည်မှုရှိသော မျိုးဆက်သစ်တပ်မှူးများကို မည်ကဲ့သို့ရနိုင်ပါမည်နည်း။ အကြံဉာဏ်တောင်းခံခြင်းလည်းမပြု၊အကြံပေးချက်များကိုလည်းလက်မခံ၊ သူတို့တွင်သာမှန်ကန်သောအကြံဉာဏ်ရှိသည်ဟု ယူဆကြသော တပ်မှူးများသည် တစ်ဦးနှင့်တစ်ဦး ဆက်သွယ်မှုမရှိကြသော ရဲဘော်များသာ သူတို့အနီးတွင် ရှိနေကြသည် ကိုတွေ့ရပါလိမ့်မည်။ သူတို့သည်တစ်နေရာတွင် ကျောက်ချထားသကဲ့သို့ ထိုင်နေရပြီး ဘာတစ်ခုမျှ မလုပ်ဘဲအမိန့်ကိုသာ စောင့်နေပါလိမ့်မည်။ ဘယ်လောက်ရာထူးကြီးကြီး လူတစ်ယောက်သည် နေရာတိုင်းကိုမသိနိုင်ပါ။ မိမိတို့အားလုံးသည် တစ်ယောက်ထံမှ အခြားတစ်ယောက်က အမြဲတမ်းသင်ယူလေ့လာနိုင်ကြရပါမည်။ လုပ်သက်နုသူများ၏ စဉ်းစားတွေးခေါ်မှုများကို အသုံးချခွင့်ပြုရမည်သာမက ထိုသို့ အသုံးချလာစေရန် အတွက်လည်း အားပေးနေကြရပါမည်။

## “ ဘယ်အလုပ်မျှနှစ်ခါပြန်လုပ်၍မရပါ”

အလုပ်အားလုံးသည် နောက်ဆုံးပြိုင်ပွဲချည်း ဖြစ်သည်။ နောက်တစ်ကြိမ်ကျလျှင် ပိုမိုပြည့်ပြည့်ဝဝ နှင့် ကောင်းကောင်းမွန်မွန် လုပ်နိုင်ရန် အစမ်းပြင်ဆင်နေခြင်းဖြစ်သည်ဟု ဘယ်တော့မျှမထင်ပါနှင့်။ နောက်တစ်ကြိမ် ဆိုသည်မှာမရှိပါ။ အထူးသဖြင့်စစ်ပွဲတွင် ဤအတိုင်းကျင့်သုံးရပါမည်။ တိုက်ပွဲတစ်ပွဲကို အောင်နိုင်ရန် တစ်ကြိမ်သာ အခွင့်အရေးရှိပါသည်။ ပထမအကြိမ်မှာပင်အောင်နိုင်ရပါမည်။ ဒုတိယအကြိမ် အခွင့်အရေးဘယ်တော့မျှရောက် မလာနိုင်ပါ။ မိမိသည်လည်း သေဆုံးကောင်း သေဆုံးသွားပြီဖြစ်နိုင်ပါသည်။

## “အရာရှိများသည် စံနမူနာပြသခြင်းနှင့် ခေါင်းဆောင်ခြင်းတို့ဖြင့်သာ အများက လေးစားလာအောင် လုပ်ပြကြရသည်”

စကားပြောရာတွင် အသံကိုမြှင့်ပြောပါ၊ ကောင်းစွာကြားနိုင်ပါစေ။ မိမိ၏ရဲဘော်များကို ရဲရင့်စေလိုလျှင် မိမိကိုယ်တိုင်ရဲရင့်စွာလုပ်ပြပါ။ စစ်သားပီပီသသ ဝတ်စားဆင်ယင်ခြင်း၊ အလုပ်လုပ်ဆောင်ခြင်းနှင့် စဉ်းစားတွေးခေါ်ခြင်းတို့ကိုပြုလုပ်ပါ။ မိမိသည်ခေါင်းဆောင်တစ်ယောက်ဖြစ်လျှင် သာမန်စစ်သားကောင်းဖြစ်ရုံမျှဖြင့်မရပါ။ လက်အောက်တွင်ရှိသော မည်သည့်စစ်သားထက်မဆို ပိုတော်ရန်လိုပါသည်။ မိမိတပ်ဖွဲ့တွင် မိမိသည်အတော်ဆုံးလူတစ်ယောက် မဖြစ်ပါက မိမိကထိုတပ်ဖွဲ့ကို ကွပ်ကဲရန်မသင့်ပါ။ စစ်သည်များလုပ်နိုင်သည်မှန်သမျှ မိမိကလုပ်နိုင်ရမည်၊ မိမိက သူတို့ထက်သာအောင် လုပ်ပြရပါမည်။ မည်သည့်စောဒကကိုမျှ လက်မခံနိုင်ပါ။